သို့

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ
မိတ္တူ - ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့

၂၀၂၃ ခုနှစ် ဧပြီလ ၁၇ ရက်

**ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ အစည်းအဝေးတွင် မြန်မာစစ်အုပ်စုအပေါ် ထိရောက်ပြတ်သားသော အရေးယူဆောင်ရွက်မှုများ ချမှတ်ရန် အိတ်ဖွင့်ပေးစာ ပေးပို့ခြင်း**

လေးစားရပါသော လူကြီးမင်းများရှင့်/ ခင်ဗျား

တရားမဝင် မြန်မာစစ်အုပ်စု၏ ကျူးလွန်နေသော အာဏာသိမ်းမှု နောက်ပိုင်း အရပ်သားပြည်သူများအပေါ် အဆိုးရွားဆုံးသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂ ခုနှစ် ဒီဇင်ဘာလ) ကို စစ်အုပ်စုက လိုက်နာရန် ပျက်ကွက်နေမှုအပေါ် ကိုင်တွယ်ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူနိုင်ရေး ယူကေနိုင်ငံ၏ ကြိုးပမ်းမှုကို အောက်တွင်လက်မှတ်ရေးထိုးထားသော မိမိတို့ မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၅၄၆ ဖွဲ့သည် ကြိုဆိုပါသည်။ ဧပြီလ ၁၃ ရက်နေ့တွင် "အခြားအကြောင်းအရာများ" ခေါင်းစဥ်ဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲနောက်ပိုင်း ကုလသမဂ္ဂပဋိညာဉ် အခန်း(၇) အရ စစ်အုပ်စုအပေါ် ပြစ်ဒဏ်ချမှတ်ရလောက်သည့် အခြေအနေများ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ်ကို နောက်ဆက်တွဲအနေဖြင့် ပြုလုပ်ရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ၌ အယောက် ၃၀၀ ဝန်းကျင်ရှိသည့် အရပ်သားပြည်သူအစုအဝေးအပေါ် တရားမဝင်စစ်အုပ်စုမှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် အမျိုးသမီး ၂၇ ဦးနှင့် ကလေးငယ် ၁၉ ဦးအပါအဝင် အနည်းဆုံး ပြည်သူ ၁၆၈ ဦး သေဆုံးခဲ့သည်။ တိုက်ခိုက်မှုဖြစ်စဥ်အတွင်း စစ်အုပ်စု၏ တိုက်လေယာဉ် တစ်စင်းသည် ပဇီကြီး ကျေးရွာပေါ်သို့ နံနက်အစောပိုင်းတွင် ပျံသန်းခဲ့ပြီးနောက် အရပ်သားများ စုဝေးနေသည့် နေရာပေါ်သို့ ဗုံးနှစ်လုံး ကြဲချခဲ့သည်။ ယင်းနောက်တွင် တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်း ရောက်ရှိလာပြီး လူအုပ်အတွင်းသို့ ထပ်မံ ပစ်ခတ်ခဲ့သည်။ အချို့သော ရုပ်အလောင်းများမှာ မည်သူမည်ဝါဖြစ်ကြောင်းပင် ခွဲခြား၍မရလောက်အောင် ခန္ဓာကိုယ်အစိတ်အပိုင်းများ တစ်စစီပျက်စီးနေပြီး ဖြစ်သည်။ ညနေပိုင်းတွင်

ရုပ်အလောင်းများကို လိုက်လံ ကောက်ယူနေစဥ်အတွင်း စစ်အုပ်စုသည် အလားတူနေရာကို ဒုတိယအကြိမ် ဗုံးလေးလုံး ကြဲချကာ ထပ်မံ တိုက်ခိုက်ခဲ့သည်။

မြန်မာစစ်အုပ်စု၏ လုပ်ရပ်သည် "နိုင်ငံတစ်ဝန်း အကြမ်းဖက်မှု ပုံစံအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းအဆုံး သတ်ရေး" တောင်းဆိုသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအပေါ် ပထမဆုံးသော ဆုံးဖြတ်ချက် ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လုံခြုံရေးကောင်စီက ချမှတ်ခဲ့သည့်တိုင် မြန်မာစစ်အုပ်စုသည် အရပ်သားများအပေါ် အကြမ်းဖက် စစ်ဆင်ရေးနှင့် အကြမ်းဖက်လုပ်ရပ်များကိုသာ အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။

စစ်အုပ်စုသည် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ ဗားရ်ရွာနှင့် ဝေဘူလရွာများတွင် အရပ်သားကိုးဦး သေဆုံးပြီး လူနေအိမ်နှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးစေသည့် လေကြောင်းတိုက်ခိုက်မှု ကျူးလွန်ပြီး တစ်ရက်အကြာတွင် ပဇီကြီးကျေးရွာကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် မတ်လ တစ်လလုံးအတွင်း စစ်အုပ်စုသည် "ဘီလူးစစ်ကြောင်း" အမည်ဖြင့် စစ်ကိုင်းတိုင်းတောင်ပိုင်းရှိ ကျေးရွာများကို တောက်လျှောက်ဝင်ရောက်စီးနင်းခဲ့ပြီး အရပ်သားများကို ခေါင်းဖြတ်သတ်ဖြတ်ခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများကို တစ်စစီဖြတ်တောက်ခြင်းများ ကျူးလွန်ကာ ကလေးငယ်များ အပါအဝင် အရပ်သားပြည်သူ ၃၀ ကျော်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ မတ်လ ၁၁ ရက် နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ရဟန်းသုံးပါး အပါအဝင် အရပ်သားပြည်သူ ၂၉ ဦးကို အကြမ်းဖက်စစ်အုပ်စုက သတ်ဖြတ်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ၁၆ ရက်နေ့များတွင်လည်း ကရင်ပြည်နယ်၊ မူတြော်ခရိုင်အတွင်းရှိ ကျေးရွာများကို စစ်အုပ်စုက တိုက်ခိုက်ရေး ဂျက်ယာဉ်များဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့သည့်အတွက် ဆန်သိုလှောင်ရုံနှစ်ရုံနှင့် စာသင်ကျောင်း ခုနစ်ကျောင်း ပျက်စီးခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် မြန်မာစစ်အုပ်စု၏ အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်ဘက်၊ စစ်ဘက် မခွဲခြားဘဲ အချိုးအစားမညီမျှစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်နေမှုကို ရှုတ်ချသည့် ဆုံးဖြတ်ချက် (A/HRC/52/32) တစ်ရပ်ကို လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံအများစု၏ သဘောတူညီချက်ဖြင့် ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် စစ်ကိုင်းတိုင်း၊ လက်ယက်ကုန်းကျေးရွာရှိ စာသင်ကျောင်တစ်ကျောင်းတွင် ကလေးငယ် ၁၁ ဦး သေဆုံးခဲ့ရသည့် စစ်အုပ်စု၏ လေကြောင်း တိုက်ခိုက်မှုနှင့် ထိုဖြစ်စဥ်အပြီး တစ်လအကြာ ကချင်ပြည်နယ်၊ ဖားကန့်မြို့ ဖျော်ဖြေပွဲတစ်ခုတွင် လူပေါင်း ၆၀ ကျော် သေဆုံးခဲ့ရသည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို တိုက်ရိုက်ရည်ညွှန်းထားသည်။ ယင်း လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်ထဲတွင် စစ်အုပ်စုအနေဖြင့် လေကြောင်းတိုက်ခိုက်မှုအားလုံးအားကို ခြွင်းချက်မရှိ ရပ်တန့်ရန် တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်ကို မြန်မာစစ်အုပ်စုက ဧပြီလ ၁၁ ရက်နေ့ ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်မှုလုပ်ရပ်ဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

စစ်အုပ်စုသည် ပြည်သူ့ခုခံတော်လှန်ရေးလှုပ်ရှားမှုများ အားကောင်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အရပ်သားများကို ပစ်မှတ်ထားပြီး မြေပြင်တိုက်ခိုက်မှုများနှင့် လေကြောင်း တိုက်ခိုက်မှုများကို တိုးချဲ့ လုပ်ဆောင်နေသည့် တစ်ချိန်တည်းမှာပင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြည်သူများကို အတင်းအကျပ် နေရပ်စွန့်ခွာစေကာ နိုင်ငံအနှံ့ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ မရောက်ရှိနိုင်အောင် ဖြတ်တောက်ထားသည်။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)၏ နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းများအရ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသော အရပ်သားပြည်သူ ၁.၈ သန်း ရှိပြီး မြေပြင်တွင် ယင်းပမာဏထက် ပို၍ များနိုင်ဖွယ်ရှိသည်။ စစ်အုပ်စုသည် ၎င်းတို့၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အစီအမံများကို မြှင့်တင်ရန်အတွက် နိုင်ငံတစ်ဝန်း လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ်ကို ပိုမိုဆိုးရွားလာအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိသည်။

လူကြီးမင်းများရှင့်/ ခင်ဗျား၊ စစ်အုပ်စုသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အလေးမထားသကဲ့သို့ တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကိုလည်း အလေးမထားပါ။ စစ်အုပ်စုသည် စကားလုံးများကို အလေးထားတုံ့ပြန်မည်မဟုတ်ဘဲ လက်တွေ့အရေးယူမှု များကိုသာ တုံ့ပြန်ဆောင်ရွက်မည် ဖြစ်သည်။ ထို့ကြောင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို လေးစားလိုက်နာလာစေရေး စစ်အုပ်စုကို တွန်းအားပေးရန်အတွက် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခန်း(၇)အရ ခိုင်မာပြတ်သားသော အစီအမံများ ချမှတ်ပေးပါရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို မိမိတို့မှတောင်းဆိုသည်။ အဆိုပါ အစီအမံများတွင် စစ်အုပ်စုအပေါ် တစ်ဦးချင်းပစ်မှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများ၊ လေယာဉ်ဆီအပါအဝင် လက်နက်ခဲယမ်း တင်ပို့ရောင်းချမှုဆိုင်ရာ အလုံးစုံတားမြစ်ချက်၊ မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး(International Criminal Court - ICC) သို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် အထူးခုံရုံး(Ad-hoc tribunal) တစ်ရုံး ဖွဲ့စည်းခြင်းတို့ ပါဝင်သည်။

လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ တွင် "အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်ကို ထိထိရောက်ရောက်နှင့် အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် အာဆီယံခေါင်းဆောင်များအပေါ် စစ်အုပ်စု၏ ကတိကဝတ်ရှိမှုကို အသိအမှတ်ပြုထောက်ပြကာ ခိုင်မာအားကောင်းပြီး ချက်ချင်းအထမြောက်မည့် ဆောင်ရွက်မှုများ လုပ်ဆောင်ရန်" တိုက်တွန်းထားသည်။" သို့သော် စစ်အုပ်စုက အရပ်သားများအပေါ် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေပြီး လေကြောင်းတိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်နေသည့်အတွက် အာဆီယံဘုံသဘောတူညီချက်ငါးရပ်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရှိမည် မဟုတ်ပါ။ လုံခြုံရေးကောင်စီအနေဖြင့် စစ်အုပ်စုအပေါ် ထိရောက်သော အရေးယူဆောင်ရွက်မှုများကို ယခုအချိန်တွင် စတင်မလုပ်ဆောင်ပါက မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်သည် ပြိုလဲသွားနိုင်ပြီး နောက်ပြန်လှည့်၍ မရနိုင်တော့သော အနေအထားတစ်ခုသို့ အလျင်အမြန် ရောက်ရှိသွားမည်ကို မိမိတို့အနေဖြင့် စိုးရိမ်ပူပန်ပါသည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်


- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- ဆလိုင်းဇအုတ်လိန်း၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ zauk@chinhumanrights.org
- Grace၊ Youths for Community Myaung၊ gracecily2021@gmail.com


ဤအိတ်ဖွင့်ပေးစာကို အမည်မဖော်ပြလိုသော အရပ်ဘက်လူထုအဖွဲ့အစည်း၂၄၈ ဖွဲ့အပါအဝင် အဖွဲ့အစည်း စုစုပေါင်း ၅၄၆ ဖွဲ့က လက်မှတ်ရေးထိုးထားပါသည်။

1. #MilkTeaAlliance Friends of Myanmar
2. 8888 Generation (New Zealand)
3. Action Against Myanmar Military Coup
4. Action Committee for Democracy Development (Coalition of 14 grassroots networks)
5. Active Youths Kalaymyo
6. Ah Nah Podcast - Conversations with Myanmar
7. Ah. La. Ka (12) Hta Khwe. Primary Education Student Union
8. All Burma Democratic Front in New Zealand
9. All Burma Indigenous People Alliance
10. All India Union of Forest Working People (AIUFWP)
11. All Religions Strike Column
12. All Young Burmese League
13. ALTSEAN-Burma
14. Anti Dictatorship in Burma - DC Metropolitan Area
15. Anti-Myanmar Military Dictatorship Network Australia (AMMDNA)
16. ASEAN Parliamentarians for Human Rights - APHR
17. ASEAN SOGIE Caucus
18. ASEAN Youth Forum Secretariat
19. Asia Citizen Future Association
20. Asia Democracy Network
21. Asia Justice and Rights (AJAR)
22. Asia Pacific Solidarity Coalition
23. Asian Cultural Forum on Development Foundation (ACFOD)
24. Asian Dignity Initiative
25. Asian Forum for Human Rights and Development (FORUM-ASIA)
26. Assistance Association for Political Prisoners
27. Association for Human Rights Defenders and Promoters
28. Association Suisse-Birmanie
29. Associazione per l'Amicizia Italia Birmana Giuseppe Malpeli
30. Athan – Freedom of Expression Activists Organization
31. Auckland Kachin Community NZ
32. Auckland Zomi Community
33. Aung Myay Thar Zan Education Schools Strike Column
34. Aung Pin Lae Main Strike Column
35. Aung San Suu Kyi Park Norway
36. Australian Coalition for Democracy in Burma

37. Australian Karen Organisation
38. Ayeyarwaddy West Development Organization (Magway Region)
39. Backpack Health Workers Team
40. Bandugvala Civil Call
41. Blood Money Campaign (BMC)
42. Blooming Padauk
43. Burma Action Ireland
44. Burma Campaign UK
45. Burma Human Rights Network
46. Burma Lawyer Council
47. Burma Medical Association
48. Burma Support
49. Burmese American Democratic Alliance (BADA)
50. Burmese Community Development Collaboration
51. Burmese Community Group (Manawatu, NZ)
52. Burmese Community South Australia
53. Burmese Community Support Group
54. Burmese Medical Association Australia
55. Burmese Rohingya Organisation UK
56. Burmese Rohingya Welfare Organisation New Zealand
57. Burmese Women's Union
58. Campaign for a New Myanmar
59. Campaign for Popular Democracy (CPD), Thailand
60. CDM Support Team Mandalay
61. Central European Institute of Asian Studies (CEIAS)
62. Chan Mya Thar Si Township People Strike Column
63. Chin Community in Norway
64. Chin Community of Auckland
65. Chin Community of USA DC Area
66. Chin Human Rights Organization
67. Chin MATA Working Group
68. Citizen of Burma Award - New Zealand
69. CIVICUS: World Alliance for Citizen Participation
70. Civil Rights Defenders
71. Commission for the Disappeared and Victims of Violence (KontraS)
72. Cooperative University Student Strike Column
73. CRPH & NUG Supporters Ireland
74. CRPH Funding Ireland
75. CRPH Support Group, Norway
76. CRPH, NUG Support Team Germany-Deutschland
77. Daung Sit Thi
78. Dawei Development Association (DDA)
79. Democracy, Peace and Women's Organization
80. Democratic Youth Council
81. Digital Rights Collective
82. Doh Atu - Ensemble pour le Myanmar
83. Dream Hope's Goals (Media & Productions)
84. Dunedin Myanmar Community New Zealand

85. Education Family (Anti - Fascists Education Strike Columns Coordination Committee)
86. Education Initiative Prague
87. Equality Myanmar
88. Ethnic Youth General Strike Committee
89. European Karen Network
90. Falam Chin Community South Australia
91. Federal FM - Mandalay
92. Federal Myanmar Benevolence Group (NZ)
93. Finland Myanmar Society Ry
94. Former ABSDF International
95. ForumCiv
96. Free Burma Action Committee - Central Valley
97. Free Burma Action Committee - Northern California
98. Free Burma Action Committee - Sacramento
99. Free Burma Action Committee - San Francisco
100. Free Burma Campaign (South Africa) - FBC (SA))
101. Freedom and Labor Action Group (FLAG)
102. Future Light Centre
103. Future Thanlwin
104. General Strike Committee of Nationalities (GSCN)
105. Generation Wave
106. German Solidarity with Myanmar Democracy eV
107. Gimpo Myanmar Friends Korea
108. Global Myanmar Spring Revolution
109. Global Myanmar Spring Revolution (Japan)
110. Global Myanmar Spring Revolution (Korea)
111. Grass-root People
112. Help Myanmar
113. Helping Hands for Burma
114. HTY Scout Channel
115. Human Rights Educators Network
116. Human Rights Foundation of Monland
117. Industrial Training Centre (ITC) Family Sydney
118. Info Birmanie
119. Information & Scout News (Hlaing)
120. Initiatives for International Dialogue
121. Insein Scout Channel
122. Institute for Asian Democracy
123. Inter Pares
124. International Association, Myanmar-Switzerland (IAMS)
125. International Campaign for the Rohingya
126. Justice For All
127. Justice For Myanmar
128. Kachin Association Australia
129. Kachin Association Norway
130. Kachin National Forum
131. Kachin Women's Association Thailand
132. Karen Community in Norway

133. Karen Human Rights Group
134. Karen Organization of America
135. Karen Peace Support Network
136. Karen Swedish Community
137. Karen Women's Organization
138. Karenni Association - Norway
139. Karenni MATA
140. Karenni National Women's Organization
141. Karenni Society New Zealand
142. Kayan Women's Organization
143. K'cho Ethnic Association
144. Keng Tung Youth, Shan MATA
145. Korean Civil Society in Support of Democracy in Myanmar
146. Kyae Lak Myay
147. Kyaukse University Students' Union
148. Kyauktada Strike Committee
149. Kyimyindaing Scout Channel
150. La Communauté BIRMANIE de France
151. Lanmadaw, Latha & Pabedan Scout Channel
152. LGBTIQ Strike of Mandalay
153. Maha Aung Myay Township People Collective Strike Column
154. Mandalar University Student Strike Column
155. Mandalay Alliance Strike Collective Column
156. Mandalay Based People Strike Column
157. Mandalay Civil Society Organizations
158. Mandalay Engineer Group
159. Mandalay Engineer United Force
160. Mandalay Regional Youth Association
161. Mandalay University Student Alumni Union
162. Mandalay Wholesale Strike Column
163. Mandalay Youth Strike Column
164. MATA Sagaing Region
165. Matu Burma Foundation
166. Matu Chin Community - NSW/UPU Chin Association
167. Matu Chin Community South Australia
168. Mayangone News
169. Medical Family – Mandalay
170. Metta Campaign Mandalay
171. MIIT Student Strike Column
172. Minbu Farmer Group
173. Mindanao Peacebuilding Institute Foundation, Inc. (MPI)
174. Mindat Chin Community NSW
175. Minhla Development Organization
176. Minority Affairs Institute
177. Mizo Community South Australia
178. Mon National Council
179. Muslim Youth Network
180. Muslim Youth Union

181. Mya Taung Strike Column
182. Myanmar Accountability Project
183. Myanmar Action Group Denmark
184. Myanmar Anti-military Coup Movement in New Zealand
185. Myanmar Baptist Churches in Norway
186. Myanmar Campaign Network
187. Myanmar Catholic Community In Norway
188. Myanmar Community Coffs Harbour (MCC)
189. Myanmar Community Group Christchurch New Zealand
190. Myanmar Community Group Dunedin New Zealand
191. Myanmar Community in Norway
192. Myanmar Cultural Research Society
193. Myanmar Engineers - New Zealand
194. Myanmar Gonye (New Zealand)
195. Myanmar Hindu Community - Norway
196. Myanmar Muslim Organization - Norway
197. Myanmar Muslim Revolution Force
198. Myanmar People Alliance (Shan State)
199. Myanmar Professionals Association Australia (MPAA)
200. Myanmar Railway, Region (3) CDM Strike Column
201. Myanmar Students' Union in New Zealand
202. Myaung Education Network
203. Myaung Medical Team
204. Myinmu Helping Hands
205. Naphe Development Organization
206. National Advocacy Group - New Zealand
207. Nelson Myanmar Community Group New Zealand
208. Netherlands Myanmar Solidarity Platform
209. Network for Human Rights Documentation Burma (ND-Burma)
210. New Rehmonnya Federated Force - NRFF
211. New York City Burmese Community
212. New Zealand Doctors for NUG
213. New Zealand Karen Association
214. New Zealand Zo Community Inc.
215. NLD Solidarity Association (NSW chapter)
216. No 7 State High School Alumni Strike Column
217. No Business With Genocide
218. NOK Information & Scout Echo
219. North Dagon & East Dagon News
220. Norway Falam Community
221. Norway Matu Community
222. Norway Rvwang Community
223. NSW Karenni (Kayah) Communities
224. Nway Oo Guru Lay Myar
225. Nyan Lynn Thit Analytica
226. One Dollar For People Of Burma
227. Overseas Mon Association, New Zealand
228. Padauk, Suomi-Myanmar Seura

229. Pakokku Youth Development Council
230. Pan Pa Wash People Strike Column
231. Phayagye Peace Strike Column
232. Private Pre- school Teachers Association
233. Progressive Muslim Youth Association
234. Progressive Voice
235. Pwintphyu Development Organization (Magway Region)
236. Pyi Gyi Ta Gon Strike
237. Pyithu Gonye (New Zealand)
238. Rohingya Community in Norway
239. ROTARY Peace Fellowship Alumni Association, Makerere University, Uganda
240. Rvwang Community Association New Zealand
241. Sangha Samaga Strike Column
242. Save and Care Organization for Ethnic Women at Border Areas
243. Save Myanmar (San Francisco)
244. Save Myanmar Fundraising Group (New Zealand)
245. Save Myanmar USA
246. SaNaR (Save the Natural Resources)
247. SEA Junction
248. Sein Pan Strike Column
249. Shan Community (New Zealand)
250. Shan MATA
251. Sitt Nyein Pann Foundation
252. South Dagon Scouting Infos (SDG)
253. Southern Dragon Myanmar
254. Southern Youth Development Organization, Tanintharyi MATA
255. Spring Revolution Myanmar Muslim Network
256. Spring University Myanmar
257. Strike Column of Representatives of Arbitrarily Arrested People
258. Strike Column of Teachers from Universities and Degree Colleges of Mandalay
259. Support Group for Democracy in Myanmar (The Netherlands)
260. Swedish Burma Committee
261. Swedish Foundation for Human Rights
262. Sydney Friends For Myanmar
263. Synergy - Social Harmony Organization
264. Ta'ang Legal Aid
265. Ta'ang Women's Organization
266. Taekwando Sport Association
267. Tamwe Nway Oo Channel
268. Tanintharyi MATA
269. Tenasserim Student Unions' Network -TSUN
270. Thai Action Committee for Democracy in Burma
271. Thaketa & Dawbon Scout Channel
272. Thapaynyo Newsletter
273. The Free Burma Campaign (South Africa)
274. The Ladies
275. The National Council of Swedish Children and Youth Organizations (LSU)
276. Think Centre, Singapore

277. Transparency International Czech Republic
278. U.S Campaign for Burma
279. Unitarian Universalist Service Committee
280. United Hands for New Myanmar (American-Myanmar Society)
281. Volunteers in Myanmar
282. We Pledge CDM (Australia)
283. WITNESS
284. Women Activists Myanmar
285. Women Advocacy Coalition - Myanmar
286. Women’s League of Burma
287. Women’s Peace Network
288. Yangon Medical Network
289. Youth for Democratization of Myanmar
290. Youth Scout For Democracy
291. Youths for Community Myaung
292. Z Fighter News
293. Zomi Association Australia Inc.
294. Zomi Christian Fellowship of Norway
295. Zomi Community Norway
296. မြန်မာမွတ်စလင်အစည်းအရုံး (BMA)
297. အထက်အညာလွင်ပြင်ရပ်ဝန်း
298. အလင်းရောင်လူငယ်များ - Light Of Youth Myanmar